BRITISH COUNCIL

# ညွှန်ကြားရေးမှူးထံမှ အမှာစကား (၂၀၂၀ မတ်လ ၂၅ ရက်)

မြန်မာနိုင်ငံတွင် Covid-19  ပျံ့နှံ့မှုကိုကာကွယ်ရန် အစိုးရ၏ မကြာသေးမီက ညွှန်ကြားချက်များအရ ဗြိတိသျှကောင်စီရုံးများအား ဧပြီလကုန်အထိ ခေတ္တယာယီပိတ်ထားမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ပရောဂျက်များ၊ အစီအစဉ်များနှင့် အခြားဝန်ဆောင်မှုများအကြောင်း သတင်းအချက်အလက်များကို ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။

ယခုကဲ့သို့ ရုံးများယာယီပိတ်ထားရန် ဆုံးဖြတ်ချက်သည် အန္တရာယ်လျှော့ချရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းမှုအပေါ် ထောက်ပံ့လိုခြင်းနှင့် ကျွန်ုပ်တို့၏ ဧည့်သည်များ၊ ဝန်ထမ်းများနှင့် ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်နေသည့် လူမှုအသိုင်းအဝိုင်းများ၏ ကျန်းမာရေးနှင့်လုံခြုံမှုကို ကာကွယ်လိုခြင်းတို့ကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ရုံးများအား ယာယီပိတ်ထားခြင်းသည် မြန်မာနိုင်ငံအပေါ် ကျွန်ုပ်တို့၏ ကတိကဝတ်များကို လျှော့ချခြင်း မဟုတ်သလို မြန်မာနိုင်ငံအား ယူကေနိုင်ငံ၏ အကောင်းဆုံးသင်ယူမှုအခွင့်အလမ်းများနှင့် ချိတ်ဆက်ပေးလိုသော ကျွန်ုပ်တို့၏ ဆန္ဒကိုလည်း လျှော့ချလိုခြင်း မရှိပါကြောင်း အခိုင်အမာ ပြောကြားလိုပါသည်။ ကျွန်ုပ်တို့၏ အွန်လိုင်းအင်္ဂလိပ်စာအစီအစဉ်များ အားလုံးနှင့် ဒစ်ဂျစ်တယ်စာကြည့်တိုက် အား အချိန်၊ နေရာမရွေး ဆက်လက်လေ့လာနိုင်ပါသည်။  ကျွန်ုပ်တို့သည် လက်ရှိတွင် ဒစ်ဂျစ်တယ်နှင့် virtual သင်ကြားမှုနှင့် အခြားဝန်ဆောင်မှုများအတွက် ရွေးချယ်စရာများကို ချဲ့ထွင်နေပါသည်။ ဧည့်သည်များ ၊ လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဖက် အဖွဲ့အစည်းများအပေါ် ကျွန်ုပ်တို့၏ ကတိကဝတ်များကို ဆက်လက်ထားရှိပြီး ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် ဝန်ဆောင်မှုများကို အစိုးရ၏အကြံပြုချက်များနှင့်အညီ ဆက်လက်ထိန်းသိမ်းထားရန်နှင့် ကျိုးကြောင်းဆီလျော်သည်နှင့်တစ်ပြိုင်နက် အခြားဝန်ဆောင်မှုများကို ပြန်လည်စတင်ရန်ဖြစ်ပါသည်။

ယူကေအစိုးရ၏ ခရီးသွားလာရေးအကြံပြုချက်များကို မကြာသေးမီကပြောင်းလဲမှုများ ပြုလုပ်ပြီးနောက် ကျွန်ုပ်တို့၏နိုင်ငံတကာလုပ်ဖော်ကိုင်ဖက်များသည် မြန်မာနိုင်ငံအားခေတ္တထွက်ခွာသွားကြပါသည်။ သို့သော်ကျွန်ုပ်ကိုယ်တိုင်နှင့် အခြားသူများသည် မြန်မာနိုင်ငံတွင် နေထိုင်သူများကို ယူကေနိုင်ငံ၏

အကောင်းဆုံးသင်ယူမှု၊ ယဉ်ကျေးမှုဆိုင်ရာအခွင့်အလမ်းများနှင့် ဆက်နွယ်နေစေရန် သေချာအောင် ဆက်လက်တည်ရှိနေပါသည်။

ဗြိတိသျှကောင်စီသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၇၀ ကျော်လုပ်ဆောင်နေသည်ကို သိကောင်းသိနေပါလိမ့်မည်။ ယခုကဲ့သို့ ခက်ခဲသည့်အချိန်မျိုးတွင် ကျွန်ုပ်တို့၏ စဉ်ဆက်မပြတ်ထောက်ပံ့နေမှုကို အားလုံးအား ယုံကြည်စိတ်ချရန် ပြောကြားလိုပါသည်။

Dr Richard Sunderland
ညွှန်ကြားရေးမှူး
ဗြိတိသျှကောင်စီ မြန်မာ